# နေဝင်းမြင့်

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ နေဝင်းမြင့်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၉၁ မျက်နှာ၊ ၁၂.၀ စင်တီ × ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

နေဝင်းမြင့်

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇–၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


၁။ ကော်ဖတ်နံပါတ် သုည ၁

၂။ သူငယ်နာ ၂၀

၃။ ထဘီဖာ လိုပါသေးရဲ့ တဘက်ဖာ လိုပါသေးရဲ့
ဘီးနှင့်မှန် လိုပါသေးရဲ့ ၅၃

၄။ နက်(စ်)ကော်ဖီ ၆၀


၅။ ဟမ်ဘာဂါ ၇၉


❑


mgyoe.com

mgyoe.com

mgyoe.com



စန္ဒဝင်းမြင့်
ကောက်မတ်နှံ့ပါက်သည်



mgyoe.com

mgyoe.com


# ကော်ဖတ်နံပါတ် သုည

(၁)

ကျုပ်ကလည်း ကျုပ်ပဲ... ။ ပိုက်ဆံလေးများ နည်းနည်းရှိရင်... လိုင်းကားစီးချင်တာမဟုတ်ဘူး။ ကျုပ်နေတဲ့ အင်းစိန်ကို မြို့ထဲကနေ သွားတဲ့လိုင်းကားလည်း အများကြီးပါ။ မထသလို့ခေါ်တဲ့ ဘတ်စ်ကား လည်း စီးနိုင်တယ်။ ၄၄ လို့ခေါ်တဲ့ ကားသေးသေးလေးတွေလည်း ခေါင်းမလွတ် ဘာမလွတ် စီးနိုင်တယ်။ နံပါတ် ၈ ဟီးနိုးကြီးတွေ လည်း စီးနိုင်တယ်။ ဂျပန်ဟီးနိုးဆိုတာကလည်း တစ်စီးနဲ့တစ်စီး ခပ် ကျဲကျဲပေမဲ့ စီးမယ်ဆိုရင် စီးလို့ဖြစ်တာပါပဲ။ နောက် ဘာရှိသေးလဲ။ နေဦး... ။ ဗိုလ်တထောင် လင်းစဒေါင်းကလာတဲ့ နှစ်စီးတွဲ တဂျောင်း ဂျောင်းကိုလည်း စီးမယ်ဆိုရင် ရောက်တာပါပဲ။ ဒါပေမဲ့ မထသစီး မယ်ဆိုရင် ပန်းဆိုးတန်း ဟိုဘက်ထိပ်ကို သွားရမယ်။ ၄၄ စီးမယ်ဆိုရင် လည်း စထွက်လာကတည်းက ထိုင်ခုံလူအပြည့်နဲ့ ထွက်လာတာ

mgyoe.com

m gyoe.com


ဆိုတော့ စီးချင်းမတ်တတ်စီးဖို့ပဲ။

ပြောခဲ့သလိုပေါ့။ ကားက ယောကျ်ားတော်တော်များများ ခေါင်းမလွတ်တော့ ဆယ်မိုင်လောက်စီးရမယ့်ခရီးကို ခါးကြီးကိုင်းပြီး ဘယ်လိုလုပ်စီးမလဲ။ ပြီးတော့ ဒီကားက ကမ္ဘာအေးဘက်က ပတ်တာဆိုတော့ စီးပေတော့ တမျှော်တခေါ်ကြီး။ ရေနွေးအိုးကြီးတစ်လုံးလို လေပေါက်မရှိ ဘာမရှိ။ ရေနီး လေလုံကားကြီးကိုလည်း စီးမယ်ဆိုဦးတော့ လမ်းသုံးဆယ်ထိပ်ကို သွားရဦးမယ်။ အဆင်အပြေဆုံးက မြို့တော်ခန်းမနားမှာ ဂိတ်ထိုးလေ့ရှိတဲ့ ဂျပန်ဟီးနိုးကြီးတွေပဲ။ ဒါပေမဲ့ ကိုယ့်လိုလူက များနေတယ်။

ဒီကားကို စောင့်စီးတဲ့လူက အမြဲတမ်း ဂိတ်မှာပြည့်နေတယ်။ ထိုင်ခုံများရဖို့တော့ ထည့်ကိုမစဉ်းစားနဲ့။ ဖြပ်မှာပြည်က အပ်နဲ့ လူ့ပြည်က အပ်ပဲ။ လူချောင်ချောင်ကလေး စီးရဖို့ပဲ တွက်ထားရတာ။ ဒါပေမဲ့ သွားရင်းက လမ်းမှာ ပြည့်သွားတာပါပဲ။ စံပြရုပ်ရှင်ရုံရှေ့က (စံပြဂိတ်)မှာ လူပင်လယ်ကြီးက လှိုင်းတံပိုးတဝုန်းဝုန်းနဲ့ကို ရှိနေတတ်တာဆိုတော့ ဘယ်လောက်ချောင်တဲ့ကားဖြစ်ဖြစ် ပြည့်သွားတာပါပဲ။ စပယ်ယာဆိုတဲ့ ငနဲကလည်း လူကို အမှန့်ထောင်းလို့ မရလို့၊ ထောင်းလို့များရတယ်ဆိုရင် ထောင်းချင် ထောင်းထည့်မယ့်ဟာတွေ မဟုတ်လား။ ထားပါတော့၊ စပယ်ယာတွေအကြောင်းကလည်း ရေးမယ်ဆိုရင် လုံးချင်းတစ်ပုဒ်စာတော့ရှိတယ်။

ပြောချင်တာက ကားတွေက ကျပ်တယ်။ ဒါကို ပြောချင်တာ။ ဟ... ရန်ကုန်မှာ ကားကျပ်တာ ပြောစရာလား။ ဆန်းတာလိုက်လို့။ ပြောလည်း ခံရုံပဲ။ ဒါပေမဲ့ အဲဒီပြောတဲ့လူကို အင်းစိန်ဘက် ပြောင်းနေပါလားလို့ ပြောကြည့်။ နေမလားလို့။ ကျုပ်က ရွှေပြည်သာမှာနေတာဆိုတော့ အင်းစိန်ရောက်တော့ အင်းစိန်–ရွှေပြည်သာ ကားကို

mgyoe.com

mgyoe.com

စီးရဦးမှာကလည်း ရှိသေးတယ်။ အင်းစိန်–ရွှေပြည်သာ ကားက ရန်ကုန်–အင်းစိန် ဒုက္ခရဲ့ နှစ်ဆတိတိရှိတော့ ပထမခရီးစဉ်ဖြစ်တဲ့ အင်းစိန်–ရန်ကုန် ခရီးကိုတော့ ဖြစ်နိုင်ရင် သက်သောင့်သက်သာလေး သွားချင်တယ်။ ဒါပေမဲ့ ဒါက ဆန္ဒပါ။ ဘယ်တုန်းကမှလည်း သက်သောင့်သက်သာ ရှိတာမဟုတ်ပါဘူး။ သည်တော့ သိပ်ပင်ပန်းတဲ့နေ့လည်းဖြစ်၊ ပိုက်ဆံလေး ဘာလေး နည်းနည်းပါးပါး ကပ်တဲ့နေ့ဆိုရင် ဆယ့်ငါးကျပ်ကားကို မျက်စောင်းထိုးဖြစ်တာပါပဲ။ လက်ဖက်ရည်လေး ဘာလေးလျှော့ပြီး စီးလိုက်မယ်လေလို့ သက်သာသလို တွေးပြီး စီးရတာလည်း ရှိတယ်။ တစ်နေ့မှ ဆယ့်ငါးကျပ်ရတဲ့လူကတော့ ဘယ်လိုလုပ် ဆယ့်ငါးကျပ်ကားကို စီးမလဲ။ ဒီကားစီးလိုက်ရင် ဘာသွားစားမလဲ။ ဒီတော့ လူတော်တော်များများက တစ်ကျပ်ကားပဲ တိုးကြရတာပေါ့။ နေ့တိုင်းလိုလို မြို့ထဲအလုပ်ဆင်းရတဲ့ လူကလည်း နေ့တိုင်း ဆယ့်ငါးကျပ်ကားကို ဘယ်လိုလုပ် စီးနိုင်မှာလဲ။ ဒါပေမဲ့ ဆယ့်ငါးကျပ်ကားကို စီးနိုင်လို့ စီးကြတဲ့လူကလည်း မနည်းဘူး။ ဆယ့်ငါးကျပ်ကားကလည်း တရားဝင်လိုင်းကားတွေလို တန်းစီလို့။ ဟောတစ်စီး၊ ဟောတစ်စီး လူပြည့်ရင် ထွက်ကြတာပါပဲ။ ကားကတော့ အမျိုးမျိုးပေါ့။ ဟိုင်းလတ်၊ ဆန်နီ၊ တိုယိုတာ၊ ပတ်ဗလစ်ကာ။ ပုပုကွကွ၊ ရှည်ရှည်မျှော၊ ကျဉ်းကျဉ်းကျပ်ကျပ် အစုံပါပဲ။

"အင်းစိန်ကို... အင်းစိန်ကို"

"အင်းစိန်ကို... အင်းစိန်ကို"

ကုလားလေးတစ်ယောက်က တစာစာအော်ပြီး လူခေါ်နေတဲ့ ကားဂိတ်ကိုရောက်တော့ ည ၇ နာရီလောက်ရှိပြီ။ ထွက်မယ့်ကားထဲမှာ လူတွေ ပြည့်သလောက် ဖြစ်နေပြီ။ ဆယ့်ငါးကျပ်လည်း ပေးရသေး၊ ကျဉ်းကျဉ်းကျပ်ကျပ်စီးရတော့ ဘာထူးမှာလဲလို့တွေးရင်း

mgyoe.com

mgyoe.com


နောက်ကားပေါ်တက်ဖို့ ပြင်လိုက်တယ်။

"ဆရာ... ခေါင်းခန်းက စီးပါလား၊ တစ်ယောက် လိုလို့ပါ"

"ဘယ်လောက်လဲ"

"ခေါင်းခန်းက နှစ်ဆယ်ပါ"

အမှန်က ခေါင်းခန်းက နှစ်ဆယ်မှန်း ကျုပ် သိသားပဲ။ မေးချင်လို့သာ မေးတာပါ။ အဲသည်နေ့က ကျုပ်လက်ထဲမှာလည်း အထုပ်က နှစ်ထုပ်ပါသေးတယ်။ မိုးတွေကလည်း ရန်ကုန်မြစ်ဆိပ်ကမ်းဘက်မှာ ညို့နေပြီ။ နောက်ကားကလည်း စီးမယ်ဆိုရင်ရပေမဲ့ နောက်ထပ်လူပြည့်အောင် မစောင့်ရဘူးဆိုရင် မိနစ် ၂၀၊ နာရီဝက်တော့ ကြာမယ်။

ရွှေပြည်သာကားကို တိုးတက်ဖို့ အချိန်နဲ့ ဘာနဲ့ဆိုတော့ ပိုပေးရဦးမယ့် ငါးကျပ်ကို မမြင်တော့ပါဘူး။ ခေါင်းခန်းထဲကို ဝင်ထိုင်လိုက်တယ်။ ခေါင်းခန်းထဲမှာ ကြိုရောက်နေတဲ့လူကလည်း တစ်ဖက်ကို တိုးပေးရှာပါတယ်။ ကျုပ်လက်ထဲက အထုပ်တစ်ထုပ်ကိုလည်း လှမ်းယူရှာပါတယ်။ ဒါပေမဲ့ သူကလည်း တစ်ဖက်မှာ ဂီယာထိုးတဲ့ ဂီယာတံတိုတိုလေးရှိနေတယ်။ ပုံမှန်ဆိုရင် တစ်ယောက်ထိုင်ရမယ့်နေရာလေးမှာ ငွေလေးဆယ်လိုချင်လို့သာ နှစ်ယောက် ရတယ်လုပ်ထားတဲ့နေရာဆိုတော့ တော်တော့်ကို ကျပ်တယ်။ ကျုပ်အိတ်ထဲက ငွေနှစ်ဆယ်ထုတ်ပြီး ဒရိုင်ဘာရှေ့က ဒက်ရှ်ဘုတ်ပေါ် တင်ထားလိုက်တယ်။

"ရရဲ့လား"

"ရပါတယ်ဗျာ၊ ဒီလိုပေါ့"

ရပါတယ်သာဆိုတယ်၊ သူရော ကျုပ်ရော ထိုင်ရတာ အဆင်မပြေဘူး။ သူလည်း နောက်ကျောမှီလို့မရဘူး။ ကျုပ်လည်း ကျပ်ကျပ်သပ်သပ်ပဲ။ ဒါပေမဲ့ လိုင်းကားရဲ့ ဆယ့်ငါးဆ အဆနှစ်ဆယ် ပေး

mgyoe.com

mgyoe.com


ထားရတဲ့ကားဆိုတော့ ဆယ့်ငါးဆ အဆနှစ်ဆယ် မသက်သာတောင် ဆယ်ဆလောက် သက်သာ မနည်းဘူးဆိုပြီး စီးရတာပေါ့။ ခဏနေတော့ ဒရိုင်ဘာက သူ့ဘက်က တံခါးဖွင့်တယ်။ သူ့နေရာကို ဝင်မထိုင်ခင် သူ့ကျောမှီနောက်က တစ်ခုခုကို သူ ကြည့်တယ်။ ပြီးတော့ ကျောမှီကို ပြန်ကပ်တယ်။ ဝုန်းခနဲ ပစ်ထိုင်တယ်။ ကားစက်နှိုးဖို့ သော့တံကို သော့ပေါက်ထဲထည့်ရင်း မနှိုးသေးဘဲ နောက်က စပယ်ယာကို လှမ်းအော်တယ်။

"... ကိုကြည့်ဦးဟေ့"

ရဲကို နာမည်တစ်မျိုးနဲ့ ခေါ်တာမှန်း ကျုပ်သိပါတယ်။ ပြီးတော့ ကားစက်ကို ခပ်ကြမ်းကြမ်းနှိုးတယ်။ ကားက ဝီခနဲသာအော်တယ်။ မနှိုးဘူး။ နောက်တစ်ခါ တော်တော်ကြမ်းကြမ်း လှည့်နှိုးတယ်။ နိုးသွားတယ်။ ကားထွက်ဖို့ ဂီယာထိုးလိုက်တော့လည်း ဂလုခနဲတောင် မြည်သွားတယ်။ ကျုပ်စိတ်ထဲ ဘာမဆိုင် ညာမဆိုင် စိတ်ခုသွားတယ်။ ဒီကောင် သူ့ကားမှ ဟုတ်ရဲ့လား။ ဒီပုံနဲ့ ဒီစိတ်မျိုးနဲ့ ဒရိုင်ဘာကောင်း ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲလို့ တွေးရင်း ကျုပ်ဘေးက လူကို ကျော်ကြည့်လိုက်တော့ လူက ကန္တ့ကလျနဲ့၊ ဆံပင်ကလည်း ဖြီးထားလိုက်တာ ပြဇာတ်မင်းသားလိုလိုပုံနဲ့၊ လူကလည်း ရှိလှရင် သုံးဆယ်တောင် ပြည့်မယ့်ပုံ မပေါ်သေးဘူး။ ဘာပဲဖြစ်ဖြစ် ဒီပုဂ္ဂိုလ်လေးနဲ့ပဲ သွားရမှာဆိုတော့ ... ကျုပ်လည်း စိတ်လျှော့လိုက်ပါတယ်။ အဲဒီမှာတင် ကားရှေ့မှာ လူတစ်ယောက်လာရပ်တယ်။ နည်းနည်းမူးနေပုံလည်းရတယ်။ ကြွပ်ကြွပ်အိတ်နှစ်အိတ်ကို ကိုင်ထားရင်းက ထွက်မယ့်ကားကို တားတယ်။ သူပါ လိုက်မယ်ပေါ့လေ။ ဒရိုင်ဘာက နောက်ကို လှမ်းမေးတယ်။

"နေရာရဦးမလားဟေ့"

mgyoe.com

mgyoe.com


"ရမယ် နောက်ကိုလာ"

ကားကတော့ နေရာပြည့်နေပါပြီ။ စပယ်ယာက ရမယ်ဆိုတော့ ဘယ်လိုရမယ်ဆိုတာ ကျုပ်လည်း မသိဘူး။ အဲဒီလူလည်း တက်ပြီးရော ကားက ဝူးခနဲဆောင့်ထွက်တယ်။

(၂)

ကားက ကမ်းနားလမ်းအတိုင်း မောင်းရင်းက ရွှေတိဂုံဘုရားလမ်းလည်း ရောက်ရော ချိုးတယ်။ အသစ်ဆောက်နေတဲ့ သိမ်ကြီးဈေးသစ်ကြီးဘေးက လမ်းကျဉ်းလေးအတိုင်း မောင်းလာရင်းက ကုန်တိုက်မီးပွိုင့်မှာ မီးနီမိတယ်။ ကားကို ရပ်လိုက်ရင်းက ဒရိုင်ဘာက အော်ပြောပြန်ရော။

"ရှေ့မှာရှိတယ်၊ ခေါင်းတွေ မထွက်စေနဲ့နော်"

"အေးပါ"

စပယ်ယာရဲ့ အေးပါဆိုတဲ့အသံကို ကျုပ်ကြားတယ်။ ဒါပေမဲ့ ဒရိုင်ဘာက ကြားပုံမရဘူး။

"ဟေ့ကောင် ပြောနေတာ ကြားလား။ ရှေ့မှာ မင်းအဖေရှိတယ်။ ခေါင်းတွေ သွင်းထားခိုင်း"

"အေးပါဟ... ပြောပြီးပါပြီ"

"ခေါင်းတွေ... ခေါင်းတွေ"

ကျုပ်လည်း နည်းနည်း ဒေါသဖြစ်သွားတယ်။ နောက်က ခရီးသည်တွေဆီကလည်း အသံတွေ ကြားလာရတယ်။ အေးပါဆိုမှ အထွန့်တက်နေတော့ ခရီးသည်တွေကလည်း နားကြားပြင်းကတ်တယ်နဲ့တူပါတယ်။ ကျုပ်လည်း နည်းနည်းတော့ စပ်စုလိုက်တယ်။

"ခေါင်းထွက်တော့ ဘာဖြစ်လို့လဲကွ"

mgyoe.com

mgyoe.com


"ဘာဖြစ်ရမလဲဗျ ငါးရာပေါ့။ ထိလိုက်ရင် ဝိသွားမှာ"

ဝိသွားမှာဆိုတဲ့ ဗမာစကားလည်း ကျုပ်မသိတော့ အသာလေးပဲ နေလိုက်ပါတယ်။

မီးလည်းစိမ်းရော ကားကို ဆောင့်ထွက်တယ်။ ထွက်လည်းထွက် ရပ်လည်းရပ်သွားတယ်။ စက်နှိုးတယ်။ စက်က နှိုးလို့မရဘူး။ သော့ပြန်ပိတ်တယ်။ နှိုးတယ်။ ဂရိုး... ဂရိုး၊ ဝီးဝီး၊ ဂရိုးလို့မြည်ပြီး စက်ရပ်သွားပြန်ရော။ တစ်ခါနှိုးတယ်။ မနိုးဘူး။ သော့ပြန်ပိတ်တယ်၊ ပြန်နှိုးတယ်။ တဝီးဝီးပဲ အော်နေတယ်။ မနိုးဘူး။ အဲဒီမှာ အကွယ်လေးမှာ ရပ်နေတဲ့ ရဲက လှမ်းကြည့်တယ်။ ဒါကို သူလည်းမြင်တယ်။ ကျုပ်တို့လည်း မြင်တယ်။ ကားတစ်စီး စက်နှိုးလို့မရတာကို ရဲကလည်း ဖမ်းလို့ရတာမဟုတ်ဘူးလေဆိုပြီး တွေးနေတုန်းမှာ ဒရိုင်ဘာက အသည်းအသန်ဖြစ်နေတယ်။

"တောက်... ရှေ့မှာဆိုဖြစ်ပြီ သောက်ကား"

ဆဲလိုက်လို့လား မသိဘူး။ တစ်ခါထပ်နှိုးတော့ သူ့သောက်ကားက နိုးသွားတယ်။ စပယ်ယာကို လှမ်းအော်တယ်။

"တက်ဟေ့... ခေါင်းတွေနော်"

ကားက ထွက်လည်းထွက်လာရော လမ်းဆုံလမ်းခွမှာ ရပ်သွားပြန်ရော။ ဘာရှိဦးမလဲ။ မသကာ ပေနှစ်ဆယ်လောက်ပဲ ရှိမှာပေါ့။ ကားရပ်သွားတဲ့နေရာကလည်း လမ်းလယ်မှာ။ မီးကလည်း နီသွားပြီဆိုတော့ တစ်ဖက်က (စိမ်းတဲ့ဘက်က) ကားတွေက ထွက်သွားရော။ ဒါပေမဲ့ ကျုပ်တို့ကလည်း ရှေ့ကခံနေတော့ကာ ကားတွေ တောင့်သွားတာပေါ့။ အဲဒီမှာ ရဲက ထွက်လာတယ်။ ကားထဲကလူတွေကို တွန်းပြီး တစ်ဖက်ရောက်အောင် ပို့ခိုင်းတယ်။ တစ်ဖက်က ကားတွေကိုလည်း လမ်းရှင်းပေးထားတယ်။ နောက်လူတွေက တွန်းတော့

mgyoe.com

ကားက မီးပွိုင့်နဲ့လွတ်တဲ့နေရာ ရောက်သွားရော။ သည်တစ်ခါတော့ ဒရိုင်ဘာက သူကိုယ်တိုင် ဆင်းတယ်။ ကားရှေ့ဖုံးကို ဖွင့်တယ်၊ နှိုက်တယ်။ နောက်က စပယ်ယာလေးကလည်း သူ့ဘေးမှာဝင်ရပ်ရင်း ဟိုဟာယူပေး၊ သည်ဟာယူပေး လုပ်နေရှာတယ်။ ခဏနေတော့ ကားအဖုံးကို ဝုန်းဆိုပိတ်လိုက်ပြီး ဒရိုင်ဘာ နောက်ကျောမှီခုံကို ခွာကြည့်ပြန်ရော။ တစ်ခုခုကို သူ မ,ကြည့်တယ်။ ပြီးတော့မှ ကားစက်နှိုးတယ်။ ဂူးခနဲအော်ပြီး နိုးလည်းသွားရော ဂီယာထိုးတယ်။ ကားကို ထွက်မယ်လည်းလုပ်ရော ကားက မနိုင်ဝန်ကို ထမ်းထားရတဲ့အတိုင်းပဲ ရုန်းအားမရှိဘဲ ရပ်သွားတယ်။

"တောက်"

ဒရိုင်ဘာပုဂ္ဂိုလ်လေးက ကားကို ဖွင့်ဆင်းပြန်ရော။ စပယ်ယာလေးကလည်း သူ့ဘေးမှာ သွားရပ်ပြန်ရော။ အဲသည်မှာ မိုးဖွဲလေးတွေလည်း တဖွားဖွားကျလာတယ်။ စက်ဖုံးကြီးဖွင့်ထားလို့ သူတို့ ဘာတွေလုပ်နေသလဲတော့ မမြင်ရဘူးပေါ့လေ။ လုပ်တော့နေတာပါပဲ။ ခဏနေတော့ ကားပေါ်က ခရီးသည်တစ်ယောက် ဆင်းလာပြီး ကျုပ်ဘေးနားက ဖြတ်သွားတယ်။ ကျုပ် ကြည့်လိုက်တော့ ကားထွက်ခါနီးရောက်လာတဲ့ နည်းနည်းမူးနေတဲ့လူ။ သူ့လက်ထဲက ကြွပ်ကြွပ်အိတ်နှစ်လုံးကို ကားခေါင်းထဲက ကျုပ်ကို လှမ်းပေးတယ်။ ကိုင်ထားပေးပါပေါ့။ ကျုပ်ကလည်း ကိုင်ထားပေးလိုက်ပါတယ်။ သူက ကားရှေ့ခေါင်းကို သွားတယ်။

"ဘာဖြစ်တာလဲကွ"

"........."

"မင်းကားမှာ ကော်ဖတ်ပါလား"

"........"

mgyoe.com

mgyoe.com


"သွားရှာ၊ အဝတ်စုတ်လည်းယူခဲ့၊ မင်းကားစက်ကို ငါနှိုးဆိုမှ နှိုး"

"........"

"ကော်ဖတ်အနုကိုရှာနော်။ ဇိးရိုးရရင် ပိုကောင်းတယ်"

လက်စသတ်တော့ ပုဂ္ဂိုလ်က မကျွင်းနစ်ဖြစ်ပုံရတယ်။ ဆယ့်ငါး ကျပ်ပေး စီးလာရပေမဲ့ သူ စီးလာတဲ့ကား ပျက်တော့လည်း တတ်သည့်ပညာ မနေသာ ဖြစ်လာတယ်နဲ့ တူပါတယ်။ စပယ်ယာလေးက ဒရိုင်ဘာခန်းထဲက အဝတ်စုတ်လာယူတယ်။ ကားရှေ့ကို ယူသွားတယ်။

"ကော်ဖတ်က ဘယ်မှာလဲ"

"ကော်ဖတ်မရှိဘူး"

"ဟ ကားနဲ့စီးပွားရှာပြီး ကားအတွက် ဘာမှလုပ်မထားဘူးလား"

"ခါတိုင်းပါတယ်ဗျ"

"အခုလိုတာကွ၊ ကော်ဖတ်မရှိလို့မရဘူး။ ပေးစမ်းကွာ အဝတ်စုတ်"

နည်းနည်းမူးနေတဲ့ ပုဂ္ဂိုလ်က အပေါ်စီးက ဟောက်နေတာကို ဒရိုင်ဘာရော၊ စပယ်ယာကောင်လေးရော ဘာမှကို ပြန်မပြောနိုင်ဘူး။ လုပ်တတ် ကိုင်တတ်တဲ့လူ ပါလာတာကိုပဲ ကျေးဇူးတင်နေရတဲ့အချိန် မဟုတ်လား။ တစ်သက်လုံး သူများ ဟောက်နေတဲ့ကောင်တွေ သည်တစ်ခါတော့ ငြိမ်လို့။ တော်တော်လေးလည်း ကြာရော ကားစက်ခေါင်းကို ပိတ်လိုက်တယ်။ သူ့လက်တွေကို အဝတ်စုတ်နဲ့ သုတ်တယ်။

"စက်နှိုးထား၊ စလိုးလေး၊ မှန်ပြီဆိုရင် လီဗာကို တဖြည်းဖြည်းနင်း၊ နှိုးကြည့်စမ်း"

mgyoe.com

mgyoe.com


ဒရိုင်ဘာ ကောင်လေးက သူ့နေရာသူ လာထိုင်ရင်း ကားစက်ကို နှိုးတယ်။ ထုံးစံအတိုင်း ခပ်ကြမ်းကြမ်းပါပဲ။ မနိုးဘူး။ တစ်ခါထပ်နှိုးတယ်။ မနိုးဘူး။ တဂီဂီအော်ရင်းကကို မနိုးတာ။

"ခဏနေဦး၊ မနှိုးနဲ့နော်၊ ငါနှိုးဆိုမှနှိုး။ သောက်ရမ်းလုပ်မနေနဲ့"

နည်းနည်းမူးနေတဲ့ ပုဂ္ဂိုလ်က စက်ခေါင်းကို တစ်ခါဖွင့်ပြန်ရော။ လုပ်နေလိုက်တာ အကြာကြီး။ ကားပေါ်ကလူတွေကလည်း တစ်ယောက်မှ မလှုပ်ဘူး။ ကျုပ်နဲ့ ကျုပ်ဘေးကလူကလည်း နေရထိုင်ရတာ ညောင်းချည့်နေပေမဲ့ မဆင်းရဲဘူး။ တကယ်တက် ရပြီဆိုရင် ... မလွယ်ဘူးမဟုတ်လား။

"ရပြီ၊ နှိုးကြည့်စမ်း"

ဒရိုင်ဘာလေးက နှိုးကြည့်တယ်။ နိုးသွားတယ်။ မက္ကင်းနစ်ပုဂ္ဂိုလ်က စက်သံကို နားထောင်တယ်။

"ခဏနေဦး၊ လီဗာကိုမထိနဲ့၊ အဲဒီအတိုင်းထား၊ မနင်းနဲ့နော်။ ဟေ့ကောင် မနင်းနဲ့လို့ ပြောနေတဲ့ကြားက ဘာလုပ်တာလဲ"

"ဆောရီး ဆောရီး"

"ကားလည်း မောင်းချင်သေးတယ်၊ ချီး"

နည်းနည်းမူးနေတဲ့ ပုဂ္ဂိုလ်ကတော့ မူးတဲ့အရှိန်ကလေးနဲ့ဆိုတော့ ဖိပြီး ဟောက်နေတော့တာကလား။ ခဏနေတော့ ကားစက်ဖုံးကို ပိတ်တယ်။ လက်တွေသုတ်ပြန်ရော။ ကားနောက်ဘက်ကို ပြန်သွားတယ်။ နောက်မှ သတိရလို့ သူ့အထုပ်နှစ်ထုပ်ကို လာယူတယ်။ ဘာပဲဖြစ်ဖြစ် ကားထဲကလူတွေရော၊ ကျုပ်ရောပေါ့လေ သူ့ကို ကျေးဇူးတင်ရတယ်။ ခများပါပေလို့။ သို့မို့ ကားဂိတ်ကို ပြန်လျှောက်ရဦးမယ်။ မိုးကလည်း ရွာနေပြီ။ ဒရိုင်ဘာလေးရော၊ စပယ်ယာရော၊ သူရော မိုးတော်တော်စိုနေပြီ။ လူလည်းစုံရော ကားလည်း ထွက်လာတယ်။

mgyoe.com

mgyoe.com


အဲသည်အထိ အကောင်း။

(၃)

သည်လိုနဲ့ ဦးဝိစာရလမ်းထဲကို ရောက်လာရော ဆိုပါတော့။

သည်ကားတွေက လိုင်းကားမဟုတ်တော့ လိုင်းကားတွေ ပြေးနေကျ ပြည်လမ်းမကြီးပေါ်က မသွားဘူးလေ။ ဖြတ်လမ်းဖြစ်တဲ့ ဦးဝိစာရလမ်းထဲက ချိုးဝင်ပြီး ဟံသာဝတီအဝိုင်းကို ဖောက်ထွက်လေ့ရှိတယ်။ သူတို့အဖို့ ခရီးလည်းတိုတာကတစ်ကြောင်း၊ လမ်းလည်းရှင်းတာတစ်ကြောင်း၊ ရှောင်တခင် စစ်ဆေးတဲ့ ယာဉ်ထိန်းရဲတွေကို ရှောင်ရ တိမ်းရတာလည်း တစ်ကြောင်းဆိုတော့ သည်လိုပဲ မောင်းလေ့ရှိတယ်။ ကားက ဦးဝိစာရလမ်းထဲကို တော်တော်လေး မောင်းဝင်လာမိတော့မှ ကျုပ်လည်း စိတ်ချမ်းသာသွားတယ်။ ဘာမှသာမဟုတ်တယ်၊ ခရီးတောင် တော်တော်ဖင့်နေပြီဆိုတော့ ရွှေပြည်သာကားဂိတ်ကလူတွေကို မျက်စိထဲ မြင်ယောင်နေမိသေးတယ်။ စိတ်ချမ်းသာတယ်သာ ပြောရတာပါ။ ကားစက်သံက မှန်တာတော့ မဟုတ်သေးဘူး။ လူမမာချွဲကျပ်သလို မောသံကြီးနဲ့ ပြေးနေတာဆိုတော့ စိတ်ထဲက ကတုန်ကယင်ကြီးတော့ ဖြစ်နေသေးတယ်။ ခဏနေတော့ ပြေးရင်းက စက်ခုတ်သံ မကြားရတော့ပြန်ဘူး။ ဩော်... ဖရီးရိုက်တာ ထင်ပါရဲ့ပေါ့လေ။ သည်ကောင်တွေ သည်လိုလုပ်တတ်တာလည်း သိတော့ သည်လိုပဲ အောက်မေ့လိုက်တာ။ ဘယ်ဟုတ်မလဲ။ စက်ရပ်သွားတာ။ လမ်း ဘေးကို မြှောင်ပြီး ထိုးရပ်လိုက်တော့မှ ပျက်ပြန်ပြီဆိုတာ သိတော့တယ်။ ကားလည်း ရပ်သွားရော ကားစက်ကို ထပ်ခါထပ်ခါ နှိုးတယ်။ မရဘူး။ ထပ်နှိုးတယ်။ မရဘူး။

"ဟေ့ကောင်၊ တော်တော့ ဘက်ထရီပါ ကုန်သွားလိမ့်မယ်။

mgyoe.com

mgyoe.com


စွတ်လုပ်မနေနဲ့။ ကဲ… မရတော့ဘူး။ ကော်ဖတ်မရှိလို့ကို မရတော့ဘူး”

လာပြန်ပြီ ကော်ဖတ်။ မက္ကင်းနစ်ကိုယ်တော်က ပြောလည်း ပြောရင်း ဆင်းလာပြန်ရော။ သူ့အထုပ်ကလေးနှစ်ထုပ် ကျုပ်ကို လှမ်းပေးပြန်ရော။ ကားစက်ဖုံး သွားမ,ပြန်ရော။ သည်တစ်ခါတော့ ကျုပ်တော်တော်လေး စိတ်ညစ်သွားတယ်။ အကုသိုလ် ရေအစုံ မီးအစုံနဲ့ ဝင်တယ်ဆိုတာ ဒါမျိုးပဲ။

ဦးဝိစာရလမ်းထဲမှာ ကော်ဖတ်ရှာခိုင်းနေတဲ့ မက္ကင်းနစ်ပုဂ္ဂိုလ်ကိုပဲ ဒေါသဖြစ်ရမလား။ ဘာမှ ပြင်ဆင်မထားဘဲ ကားမောင်းချင်တဲ့ သည်နှစ်ကောင်ကိုပဲ နားရင်းအုပ်ရကောင်းမလားတွေးရင်း ကားထဲမှာပဲ ကျုပ် ညပ်ညပ်သပ်သပ် ထိုင်နေတာပါပဲ။ ညောင်းတာတော့ တော်တော့်ကို ညောင်းနေပြီ။ ကျုပ်ဘေးကလူကလည်း “အား ဒုက္ခပါပဲ” တဲ့။ သည်တစ်ခါတော့ ကားပေါ်က လူတွေကလည်း ညည်းတယ်။ တချို့လည်း အောက်ဆင်းကြတယ်။ မာကျူရီမီးရောင်လေး လင်းလင်းကျင်းကျင်းနဲ့မို့ မိုးလေးကလည်း တိတ်စဆိုတော့ ကားပေါ်ကဆင်းပြီး အညောင်းဖြေကြတယ်။

မဆင်းတာ ကျုပ်တို့နှစ်ယောက်ပဲ။ မက္ကင်းနစ်ပုဂ္ဂိုလ်က ကားစက်ဖုံးကို မ, ထားရင်းက စက်ကိုနှိုက်တယ်။ စပယ်ယာလေးက ဒရိုင်ဘာ အခန်းထဲကို အဝတ်စုတ်လာနှိုက်ရင်းက သူ့ဒရိုင်ဘာကို တိုးတိုး ပြောနေ တုန်းမှာ မက္ကင်းနစ်ပုဂ္ဂိုလ်က လှမ်းဟောက်တယ်။

“ဟေ့ကောင်တွေ၊ ကော်ဖတ် သွားရှာပါဆိုမှကွာ”

စပယ်ယာလေးက အယောင်ယောင် အမှားမှားနဲ့ အဝတ်စုတ်သွားပေးလို့လား မသိဘူး။ မက္ကင်းနစ်ပုဂ္ဂိုလ်က ဟောက်ပြန်ရော။ ကားစက်ဖုံးကြီး ဖွင့်ထားလို့ သူတို့ကို မမြင်ရပေမဲ့ အသံတွေကိုတော့

mgyoe.com

mgyoe.com


ကြားနေရတယ်။

"အဝတ်စုတ်က ဘာလုပ်ရမှာလဲ၊ ပွိုင့်တွေ ချေးကပ်နေတာ အဝတ်စုတ်နဲ့ သုတ်လို့ရတယ်လို့ မင်း ဘယ်သူကပြောသလဲ။ သွားဟိုရှေ့က တိုက်တွေမှာ သွားမေးစမ်း၊ ကော်ဖတ်နည်းနည်းရမလားလို့"

သူတို့ပြောနေတုန်းမှာ ဒရိုင်ဘာလေးက ကားပေါ်က ဆင်းတယ်။ သူ့ကျောမှီကို လှန်တယ်။ သူ့ကျောမှီနောက်က ပုံးအဖြူလေးထဲကို မ ကြည့်တယ်။ ပုံးဝမှာတပ်ထားတဲ့ ပလတ်စတစ်ပိုက်ကို အထဲပိုဝင်သွားအောင် ထိုးထည့်တယ်။ ကျောမှီကို ပြန်ကပ်တယ်။ စပယ်ယာလေး ထွက်သွားတာကိုကြည့်ရင်း ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ ကြာဦးမယ်ဆိုတာ သိလို့လားမသိဘူး။ ကျုပ်ဘေးက လူကနေ ဆင်းရအောင်ဗျာ... ညောင်းတယ်တဲ့။ ဟုတ်တယ်။ ကျုပ်လည်း ညောင်းလှပြီ။ ကိုယ့်အထုပ်ရော၊ မက္ကင်းနစ်အထုပ်ရောထားခဲ့ပြီး ကားထဲက ဆင်းလိုက်တယ်။ တော်တော့်ကို အညောင်းပြေသွားတာပဲ။ သည်တော့မှ ကျုပ်လည်း နာရီကြည့်မိတော့တယ်။ ၈ နာရီခွဲနေပါရောလား။ ကြည့်စမ်း။ ခုနစ်နာရီက ထွက်လာတဲ့ကား။ အခု ရှစ်နာရီခွဲပြီ။ တစ်နာရီခွဲတောင် ကြာသွားပြီလား။ ဦးဝိစာရလမ်းပေါ်မှာတင် ကိုးနာရီထိုးရင် အင်းစိန်ကို ကိုးနာရီခွဲ။ ရွှေပြည်သာကို ကူးရမှာနဲ့။ ရပ့်မလား။ ကိုးနာရီနဲ့တော့ ကားက ကောင်းသွားကောင်းပါရဲ့။ ကျုပ်ရဲ့ သိစိတ်တွေက သာအဲသလိုတွေးနေတာ။ မသိစိတ်ကတော့ ကားကောင်း သွားမယ်လို့ကို မထင်ဘူး။ ကျုပ်စိတ်ထဲ ဒရိုင်ဘာနောက်ကျောက ပုံးအဖြူကိုပဲ မြင်မြင်နေတယ်။ ပုံးထဲ ပလတ်စတစ်ပိုက် ထိုးထည့်တာကို ဖျတ်ခနဲ မြင်လိုက်ရကတည်းကဲ ကျုပ်စိတ်ထဲမှာ ခုနေတယ်။ ဒါပေမဲ့ မက္ကင်းနစ်လည်းပါတော့ ကော်ဖတ်သာရရင် ကားကောင်းသွားမယ်လို့လည်း ပြောနေတော့ ဒါကို သိပ်လည်း အလေးအနက်မထားတော့ပါဘူး။

mgyoe.com

mgyoe.com


စောင့်ပေါ့။ ဘာတတ်နိုင်တာမှတ်လို့။ ပိုက်ဆံပေးပြီး ကားစီးတာကလွဲလို့ ကားအင်ဂျင်တောင် သေသေချာချာ တွေ့ဖူးတာတောင် မဟုတ်ဘူး မဟုတ်လား။ အဲသည်တုန်းမှာပဲ ကောင်မလေးတစ်ယောက်နဲ့ ကောင်လေးတစ်ယောက်က ဆန့်ကျင်ဘက် တစ်ဖက်လမ်းကို ကူးသွားပြီး တက္ကစီတစ်စီးကို တားတာကို ကျုပ်တွေ့နေရတယ်။ တက္ကစီသမားနဲ့ စကားပြောပြီး အဲသည် နှစ်ယောက် နောက်က တက်စီးကြတယ်။ တက္ကစီလည်း ထွက်သွားရော ဩော်... တို့ကား က နှစ်ယောက်တော့ စိတ်မရှည်လို့ တက္ကစီငှားသွားပြီဆိုပြီး ကျုပ်စိတ်ထဲ အတူတူလာတဲ့ လူချင်း သည်ဟာတွေက သစ္စာဖောက်သွားပြီလို့တောင် စဉ်းစားနေမိသေးတယ်။

"ဟော့ကောင်... စက်နှိုးစမ်း၊ စက်နှိုးစမ်း"

ကော်ဖတ်ရှာတဲ့ စပယ်ယာတောင် ပြန်မလာသေးဘူး။ စက်နှိုးစမ်း ဆိုတော့ ကျုပ်လည်း တွေးနေရင်းက ဝမ်းသာသွားတယ်။ ရသွားပြီ ထင်ပါရဲ့ပေါ့လေ။

မာကျူရီ မီးရောင်အောက်မှာ မက္ကင်းနစ်ပုဂ္ဂိုလ်က မျက်လုံးတွေပြူးလို့။ နဖူးမှာလည်း ချွေးစတွေရွှဲလို့။ သူလည်း တစ်လမ်းလုံး ပြင်ပေးလာရတာဆိုတော့ မောလှရောပေါ့။ ဘာပဲဖြစ်ဖြစ် သူပါလို့ သည်လောက် ရောက်လာတာ မဟုတ်လား။ ဒရိုင်ဘာလေးက စက်နှိုးလိုက်ရော...

"ကြည့်စမ်း... ပိုက်ကို ဆီလိုက်မလာပါလား။ ငါ စောစောကတည်းကတော့ ထင်သား။ ဆီရှိတယ်ထင်လို့။ မင်း ဆီရှိသေးရဲ့လား ဟော့ကောင်"

"ဆီက ရှိပါတယ်"

"ဘာရှိပါတယ်လဲ။ ပြစမ်း ငါ့ကို...။ ငါကတော့ တစ်လမ်းလုံး

mgyoe.com

mgyoe.com


လုပ်လိုက်ရတာ။ ဆီမရှိဘဲနဲ့ ဆယ့်ငါးကျပ်နဲ့ လူတင်လာတဲ့ကောင်။ ပြစမ်း ဟော့ကောင်"

ဒရိုင်ဘာလေးက ငြိမ်သွားတယ်။ ငြိမ်သွားတာဟာ ဝန်ခံတာပဲ မဟုတ်လား။ အဲသည်တုန်းမှာပဲ စပယ်ယာလေးလည်း ပြန်ရောက်လာတယ်။ သူကတော့ သည်မှာ ဘာဖြစ်နေတယ်ဆိုတာ မသိဘူး။

"ကော်ဖတ် မရဘူး အစ်ကို"

"ကော်ဖတ်၊ မင်းကြီးတော်ကိုသာ မင်းပြန်ပြီး ကော်ဖတ်စားတော့။ မင်းတို့သွား တောက်"

ကားကလူတွေလည်း သည်တော့မှသဘောပေါက်သွားတယ်။ ဆဲတဲ့လူက ဆဲတယ်။ ညည်းတဲ့လူက ညည်းတယ်။ တစ်ယောက်တစ်ပေါက်ပြောတဲ့လူကပြောတယ်။ မဏ္ဍင်းနစ်ပုဂ္ဂိုလ်ကတော့ တော်တော်ဒေါသထွက်နေပုံပဲ။

သူတစ်ယောက်တည်း ဒေါသဖြစ်နေတာနဲ့ ကျန်တဲ့သူတွေ ဒေါသဖြစ်ဖို့ မကျန်သလောက်ဖြစ်နေတော့ ဘယ်သူမှတော့ ဘာမှ ပြောမနေတော့ပါဘူး။ မဏ္ဍင်းနစ်ပုဂ္ဂိုလ်ကတော့ မကျေနိုင်မချမ်းနိုင်ဖြစ်နေတုန်းပဲ။

"ကားမောင်းတယ်ဆိုရင် ကားအကြောင်း နားလည်ရတယ်ကွ။ ကားပေါ်တက်ထိုင်ပြီး ခွေကိုင်တိုင်း ကားသမားမဟုတ်ဘူး။ လူတွေကလည်း လူတွေမှာ အချိန်နဲ့သွားနေရတာကွ။ မင်းတို့ကွာ..."

သည်ပုဂ္ဂိုလ်ကလည်း ဒေါသတော့ ကြီးသား။ မင်းတို့ကွာ၊ မင်းတို့ကွာနဲ့ ထတောင်ထိုးတော့မလား မှတ်ရတယ်။ ကျုပ်လည်းတော်တော်စိတ်ညစ်သွားတယ်။ ကားပျက်တာကလည်း ပြည်လမ်းမပေါ်မှာ မဟုတ်ဘူးလေ။ လမ်းမကြီးပေါ်မှာကတော့ ဘာအကြောင်းလဲ။ သည်ကားပျက်ရင် နောက်ကားစီးလို့ရတယ်။ အခုက ဘယ်လိုင်း

mgyoe.com

m.gyoe.com


ကားမှ မရှိတဲ့နေရာ။ နောက်က ဆက်တိုက်ဆက်တိုက် ထွက်လာတဲ့ ဆယ့်ငါးကျပ်ကားတွေကို တားရအောင်ကလည်း သူကလည်း သူ့လူ နဲ့သူအပြည့်။ ကျန်တာကတော့ ကိုယ်ပိုင်ကားတွေချည်း သွားလာနေ တတ်တဲ့လမ်း။ ဘာလုပ်လို့ရမှာလဲ။

ကျုပ် နာရီကိုလည်း ကျုပ်မကြည့်ရဲတော့ပေမဲ့ ကိုးနာရီကို လိုရင် နည်းနည်းပေါ့။ ကျုပ်အထုပ်ကလေးတွေ ကျုပ်ယူလိုက်တယ်။ မက္ကင်း နှစ်ဆရာကိုလည်း သူ့အထုပ်ကလေးနှစ်ထုပ် ပြန်ပေးလိုက်တယ်။

"ဟော့ကောင်တွေ အခုမှ ငိုင်မနေနဲ့။ ပိုက်ဆံပြန်ပေး"

သည်တော့မှ စပယ်ယာလေးက ခရီးသည်တွေကို မအမ်းချင် အမ်းချင်နဲ့ ပိုက်ဆံတွေပြန်အမ်းတယ်။ မျက်နှာကတော့ တယ် မကောင်းလှဘူး။ သည်ကောင်တွေက သူတို့ဘက်က မှားနေပေမဲ့ တစ်ချက် မတောင်းပန်ဘူးဆိုတဲ့ မျက်နှာပေးတွေနဲ့။

"ခေါင်းခန်းက ဆရာနှစ်ယောက်က ရော့... လေးဆယ်"

ကျုပ်လက်ထဲ ရောက်လာတဲ့ ပိုက်ဆံလေး နှစ်ဆယ်ကို ကိုင် ထားရင်း ဘာလုပ်ရမလဲ။ ကျုပ် စဉ်းစားတယ်။ ခရီးသည်တွေအားလုံး လည်း ကိုယ့်ပိုက်ဆံလေး ကိုယ်ကိုင်လို့။ တချို့ခရီးသည်တွေက ကား မီးရောင်မြင်သမျှ ရပ်ပေးလို ရပ်ပေးငြား အုပ်စုလိုက် ကားတားပွဲကြီး လုပ်နေကြတယ်။ ဘယ်ကားကမှ ရပ်မပေးပါဘူး။ သည်လမ်းက ကိုယ်ပိုင်ကားတွေ၊ ကားကလေးတွေလောက်သာ သွားရတဲ့လမ်းပဲ။ ဘယ်သူက စာစာနာနာ ရပ်ပေးမှာလဲ။ ကုန်ကုန်ပြောရရင် လူတစ် ယောက်စ နှစ်ယောက်စပါတဲ့ တက္ကစီလေးတွေကတောင် လက်ခါပြီး မောင်းပြေးနေကြတော့ ကိုယ်ပိုင်ကားဆိုတာကတော့ ဝေးရော။ ကိုင်း ဘယ်နှယ်လုပ်မတုံး။

mgyoe.com

mgyoe.com


(၄)

ခရီးသည်က ဟိုဘက်လည်းမနီး သည်ဘက်လည်းမနီး။ တချို့ကတော့ ဖွဲမလျှော့သေးဘူး။ ကားတားနေကြတုန်း။ တချို့ကလည်း ပြည်လမ်းမကြီးကို ဖောက်ထွက်ဖို့ ဘယ်ဘက်ကနီးမလဲ တွက်ဆနေကြတယ်။ အမှန်ကတော့ ဘယ်ဘက်ကမှမနီးဘူး။ တောင်ဘက်ကိုပြန်လျှောက်ရင် ဦးဝိစာရကျောက်တိုင်ကိုရောက်မယ်။ အဲဒီကမှ အလုံလမ်းဘက်ကို ဖောက်ထွက်။ မြောက်ဘက်ကိုလျှောက်ရင် တော်လှန်ရေးပန်းခြံ၊ ဝိဇယရုပ်ရှင်ရုံ၊ အဲသည်ကမှ ပြည်လမ်းဘက်ကိုဖောက်ထွက်။ ဝေးတာချည်းပါပဲ။ ဒါပေမဲ့ သွားတာတော့သွားရမှာပါပဲ။ လိုင်းကားတွေ ဥဒဟိုရှိနေတဲ့ ပြည်လမ်းမကြီးကို မထွက်မဖြစ်ထွက်ကို ထွက်ရတော့မှာပါပဲ။

"မြေနီကုန်းဘက်မှာတော့ အင်းစိန်တစ်ဆယ်ကားတွေ ရှိနိုင်သေးတယ်ဗျ။ အဲဒီဘက်လျှောက်မလား"

ကျုပ်နဲ့အတူတူ ခေါင်းခန်းစီးတဲ့လူက လက်တို့ရင်း လာပြောတော့မှ ကျုပ်လည်းသတိရသွားတယ်။ ဟုတ်တယ်၊ ကျုပ်လည်းဆုံးဖြတ်ရတော့မယ်။ ကိုးနာရီကလည်းထိုးပြီ။ ဘယ်ကားကမှလည်း ရပ်မပေးဘူးဆိုတဲ့အချိန်။ မိုးကလည်း ရွာချဖို့ပြင်ဆင်နေပြီပြောပါတော့။ လူတွေကတော့ အုပ်စုကွဲသွားတယ်။ တချို့က မြောက်ဘက်ကို လျှောက်ကြတယ်။ တချို့ကတောင်ဘက်ကို လျှောက်ကြတယ်။ ကျုပ်လည်းမြောက်ဘက်ကိုပဲရွေးလိုက်တာပါပဲ။ လူလေးငါးခြောက်ယောက်ပါတဲ့ ကျုပ်တို့လူစုဟာ ရေစိုနေတဲ့ ပလက်ဖောင်းပေါ်က ခပ်သွက်သွက်ပဲ လျှောက်လာခဲ့တယ်။ စောစောကပဲ တစ်စုတစ်စည်းတည်း လာခဲ့ကြတဲ့ ခရီးသည်တွေဟာ အခုတော့အုပ်စုတွေ ကွဲသွားကြပြီပဲ။

ခဏနေတော့ ထင်တဲ့အတိုင်းပဲမိုးက ရွာချရော။ ထီးပါတယ်

mgyoe.com

mgyoe.com


ဆိုပေမဲ့ စိုကုန်ကြတာပါပဲ။ ဘယ့်နှယ့်ဖြစ်မှန်းမသိဘူး။ ကျုပ်စိတ်ထဲ ရွှေပြည်သာက မျှော်နေမယ့် ကလေးတွေကိုပဲ သတိရနေတယ်။

အခုတော့ ... ရွှေပြည်သာ ရောက်ဖို့နေနေသာသာ လမ်းကျယ်ကိုရောက်ဖို့တောင် မိုးထဲလေထဲမှာ လျှောက်ရတုန်း။

ရင်ခုန်ပွင့်မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၂

❑

mgyoe.com

mgyoe.com


# သူငယ်နာ

## (၁)

အမေကောင်းက သူ့ရှေ့မှာ ကျုံ့ကျုံ့ကလေး ထိုင်နေသည့် သားသည်မအေကို မှုန်သီသီမျက်လုံးကလေးများဖြင့် ပြူးနေအောင်ကြည့်သည်။ အရွယ်ကောင်းတုန်းကတော့ သားသည်မအေတွေ ဝါးလှေကားကတက်လာကြပြီဆိုကတည်းက ရောဂါကိုဆီးပြောနိုင်သည်။ မိခင်၏ မျက်တွင်းမျက်ဆန်၊ ကလေး၏ မျက်တွင်းမျက်ဆန်ကို ဝေ့ခနဲမြင်ရသည်နှင့် အတပ်ပြောနိုင်ပြီ။ အမေကောင်းမျက်လုံးတွေက မာကျောသလောက် အဆိပ်ပြင်းလှသော ဆူးဖြူဆူးနှစ်ချောင်းလို ရောဂါသည်၏ အရေပြားကို ထွင်းဖောက်ကာ ရောဂါလက္ခဏာကိုရှာနေကျ။ အခုတော့ အရွယ်လည်းကျပြီ။ မျက်စိကလည်းမွဲပြီ။ နားကလည်းမကောင်းချင်တော့။ အမေကောင်းအရွယ်က ဆေးကုရမည့်အရွယ်မဟုတ်တော့။ တရားဘာဝနာ စီးဖြန်းရင်း ပုတီးကလေးတချောက်

mgyoe.com

mgyoe.com


ချောက်စိပ်ရင်း အိမ်ခေါင်းရင်းမှာ ကျိုးစောင့်ကြက်နှင်ရှိရမည့်အရွယ်။ သို့သော် အမေကောင်း မနေနိုင်ပါ။ တစ်ခါတစ်ရံ ရောက်လာတတ်သော သားသည်မအေတွေကို ရောဂါနှင့်ဆေး တည့်အောင်ပေးနေရဆဲဖြစ်သည်။ ကိုယ့်ရပ်ကိုယ့်ရွာက လုပ်စားကိုင်စား လူဆင်းရဲတွေချည်းဆိုတော့ ရောဂါပျောက်သော်မှ ဆေးဖိုးဝါးခရယ်လို့ ရတတ်သည်မဟုတ်။ ပဲကလေး နှမ်းကလေး တစ်လက်ဆွမ်း တစ်လက်ဆုပ်နှင့်ပြီး ရတာများသည်။

အခုလည်း သူ့ရှေ့မှာ သားသည်မအေတစ်ယောက် ရောက်နေပြီ။ မိန်းကလေးက အပျိုမွေးခေါ်ကြသည့် သားဦးမွေးဖြစ်သည်။ သားဦးမွေးဆိုသော်လည်း အပျိုရည်အပျိုသွေးဆိုလို့ ရိပ်ရိပ်ရေးရေးမှ မကျန်အောင်ခန်းခြောက်လှသည်။ မိခင်၏ ဥသျှစ်သီးပုပ်ရောင် မျက်နှာကလေးပေါ်မှ မျက်လုံးတွေသာ ကျန်တော့သည်။ နှုတ်ခမ်းတွေက ခြောက်သွေ့ကာ အတွင်းကို ကုပ်ဝင်နေသည်။ နားထင်နားရင်းတွေက ခွက်ဝင်နေကြသည်။ မျက်လုံးတွေကရော လှဲခြင်း၊ လက်ခြင်းကင်းသော ကျောက်ဖန်ဒိုးနှစ်လုံးနှယ် ကျင်းချိုင့်ထဲကျနေကြ၏။ ပါးရိုးငေါငေါတွေက ကျောက်ဖန်ဒိုးတွေလျှောမကျအောင် ကာထားသည့်တာရိုးနှင့်ပင်တူသည်။ ပိုက်ထားသည့် လက်တွေက တံတောင်က ဆင်းလာကတည်းက ပလွေရိုးနှယ် တစ်ဖြောင့်တည်းကျအောင် ပိန်လွန်းလှသည်။ အရေပြားကပ်ထားသည့် လူ့လက်တစ်ချောင်းနှင့် မတူဘဲ သစ်ကြိုးဝါးကြိုးတွေမှာ တွယ်ကပ်ပေါက်နေတတ်သည့် အပွေးရင့်ရင့်ဒိုးနွယ်တစ်ချောင်းနှင့်ပိုတူသည်။ မိခင်ခမျာ ခန္ဓာကိုယ်တစ်ခုလုံး ခပ်တောင့်တောင့်မတ်နေတာဆိုလို့ ပါးလျသော လည်ပင်းရိုးသာရှိ၏။ သည်လည်းပင်က ဦးခေါင်းနှင့် ခန္ဓာကိုယ်ပခုံးစပ်ကို သံဖြူပိုက်ပြွန်တစ်ချောင်းလို တွယ်ဆက်ထားသည်။ မ, တင်ထားသော အကျႌ

mgyoe.com

mgyoe.com


ဟောင်းကလေးအောက်မှာ ဟင်းလင်းပွင့်နေသည့် ဝတ်ပန်းစုံမှာတော့ နို့ရည်တွေသက်ဝင်နေတာကတော့ မြက်ဖျားနှင်းတွေ တပေါက်ပေါက် ကျနေတာနှင့်တူသည်။

အမေကောင်းက သက်ဆင်းနေသည့် နို့ရည်တွေကို လက်ခုပ်နှင့်ခံကာ တပျပ်ပျပ်လျက်ကြည့်သည်။ သည်တစ်ခေါက်တော့ သေချာပြီဆိုသည့်ပုံဖြင့် နှုတ်ခမ်းတွေ တွန့်လှုပ်သွားလေ၏။

"ငုံ့စမ်းပါဦးအေ့ ညည်းဆံပင်တစ်ချောင်းလောက် နုတ်စမ်းပါရစီ"

သားသည်မအေက ခေါင်းထိုးပေးတော့ ငယ်ထိပ်က ဆံခြောက်ခြောက်တစ်ချောင်းကို ဆတ်ခနဲနုတ်လိုက်သည်။

အမေကောင်းက လက်ထဲပါလာသည့် ဆံပင်ချည်ကို ဆွဲဆန့်ကြည့်သည်။ အလင်းရောင်ဘက်လှည့်ကာ ဆံစကို မျက်လုံးတွေ နားကပ်ကြည့်သည်။ ဆံစကိုခပ်တင်းတင်းဆွဲကာ ဖြတ်ကြည့်သည်။ ပြီးတော့မှ ရင်ခွင်တွင်းက ကလေးကို တစ်ချက်ကြည့်သည်။ ကလေးက မိန်းမောနေသည်။ မျက်လုံးပဲ့စေ့ကလေးကို ဖွင့်ထားသော်လည်း မျက်ဆန်အိမ် အလှုပ်အရှားမရှိ။ ရောက်လာကာစက တရှင်ရှင်ငိုနေခဲ့သော်လည်း အခုတော့ငြိမ်သက်နေလေသည်။ ဟနေသည့်ပါးစပ်ထဲက အမြှုပ်ကလေးတွေထွက်နေတာကို အမေကောင်း ကောက်ယူကာ နမ်းကြည့်သည်။

"ညည်းနို့ရည်က ချဉ်လိုက်သာ စုတ်စုတ်ကန်းလို့ပါလားအေ့၊ မအေ့နို့ကြောင့် ဖြစ်ရတဲ့ သူငယ်နာတွေထဲမှာ အဆိုးဆုံးသူငယ်နာပဲ။ နို့ကြောင့်ဖြစ်ရတဲ့ သူငယ်နာကချည်း ခြောက်မျိုးရှိသယ်။ ဝမ်းစွဲသူငယ်နာတဲ့၊ နို့မြွေသူငယ်နာတဲ့၊ အသဲမကျွဲသူငယ်နာတဲ့၊ အူလျှောက်သူငယ်နာတဲ့၊ နို့ငန်းသူငယ်နာတဲ့၊ တစ်ခုက ကြက်ညှာကျဗဟုံး သူငယ်နာခေါ်သယ်။ ညည်းကလေး ရေငတ်မယ်၊ ကိုယ်ကလေးဖောချင်ရာကတောင့်

mgyoe.com

mgyoe.com


လာမယ်။ လျှာကို တစပ်စပ်ဝါးမယ်။ မျက်လုံးကလေးစိုက်ရာက မျက်ဖြူလန်မယ်။ ညည်းကလေးက နို့ငန်းသူငယ်နာဝင်နေသာအေ့။ မပေါ့နဲ့၊ ငန်းပုပ်သူငယ်နာတဲ့၊ ငန်းတက်သူငယ်နာတဲ့၊ ငန်းလိမ်သူငယ်နာတဲ့၊ ငန်းကြက်တက်သူငယ်နာတဲ့၊ နေပါဦး ညည်းက ဘယ်ကလာသတုံး"

ကလေးမအအေက မျက်ရည်တွေကျနေရာက မော့်ကြည့်သည်။ ကလေးက အီခနဲ တစ်ချက်ငိုလိုက်ရာက ခြေကလေးလက်ကလေးတွေ ကုပ်ကျသွားကာ မျက်ဖြူကြီးလန်လာခဲ့သည်။ အမေကောင်းက အိမ်ခန်းထဲဝင်ကာ ဆေးဖာတောင်းကလေး ယူလာပြီးဖွင့်သည်။ ဖာတောင်းကလေးထဲမှာ ဆေးမြစ်တွေစုံလှသည်။ ဆေးမှုန့်တစ်မျိုးကို လက်ဖဝါးထဲထည့်ကာ ခပ်ပြင်းပြင်းပွတ်သည်။ ကလေးငယ်ထိပ်က သပ်သပ်ချသည်။ ကလေးက မျက်ဖြူလန်လျက်က ငြိမ်သွားပြန်သည်။

"အမေကောင်းရယ် ယုံတိုးကလာရသာပါ။ လှည်းခ မတတ်နိုင်လို့ ကလေးပိုက်ပြီးပြေးလာရပါသယ်။ ကျွန်မသားလေးကို ကယ်ပါဦးအမေရယ်"

"ကလေးအဖေကော"

သားသည်မအအေက ရှိုက်ကြီးငင်ကြီး ငိုလိုက်သည်။ ဘာမှတော့ မပြော။ အမေကောင်းက ကလေးကို သူ့လက်ရောက်ဆွဲယူကာ ပွေ့လိုက်သည်။ ကလေးက အတက်မကျဘဲ ကျောကော့သွားရာက နှုတ်ခမ်းများပင်ပြာလာခဲ့သည်။ စေ့နေသည့် ပါးစပ်ထဲက အမြှုပ်တွေ စီးကျနေသည်။ အမေကောင်းက ပါးစပ်က တတွတ်တွတ်ရွတ်ရင်း တင်ပျဉ်ချိတ်ထိုင်သည်။ ကလေးကို အလိုက်သင့်ချကာ ဆေးနံ့တွေ ထောင်းထောင်း ထအောင်သပ်ချသည်။ ကလေးတစ်ကိုယ်လုံး အေးစက်သွားလေသည်။

mgyoe.com

mgyoe.com


"မိန်းကလေး ငါပြောသာလုပ်စမ်း။ အိမ်ထဲဝင် ငါ့ထဘီ တစ်ထည်ယူလိုက်၊ လေးခေါက်ခင်းပြီး ကျောက်ပြင်ကို ထဘီပေါ် ချစမ်းမြန်မြန်"

သားသည်မအေက အမေကောင်းအခန်းထဲဝင်ကာ ထဘီတစ်ထည်နှင့် ကျောက်ပျဉ်ပွဲ့ကို မ ယူလာခဲ့သည်။ ထဘီကို လေးခေါက်ခေါက်သည်။ ကျောက်ပျဉ်ကို ထဘီခေါက်ပေါ်တင်သည်။ ခပ်မည်းမည်းအတုံးကလေးကို ထဘီထောင့်မှာ ချည်လိုက်သည်။ ဆေးထည့်သည့် ဖာတောင်းကို မှောက်ချကာ အမေကောင်းပြသည့် အတုံးကလေးတွေကိုကျောက်ပျဉ်ပေါ်တင်ရသည်။ အမေကောင်းက ကလေးကို သားသည်မအေဘက်ကမ်းကာ အိမ်ထဲကို ဝင်ပြန်သည်။ ခွက်တစ်ခွက်ထဲမှာ ဆန်အနည်းငယ်ထည့်ကာ ဆန်ဆေးရည်ရအောင် ဆေးသည်။ လက်ထဲပါလာသည့် ကြက်သွန်နီကို ဂွမ်းခနဲကိုက်လိုက်ပြီး တစ်ခြမ်းကို ကျောက်ပျဉ်ပေါ်တင်လိုက်ပြန်သည်။ ဆေးပုလင်းကလေးတစ်လုံးထဲကို ထရံကချိုးယူသည့် ဝါးချောင်းကလေးဖြင့် ကော်ကာ ခပ်စေးစေးအဖတ်တွေကို ထုတ်ယူသည်။ ကျောက်ပျဉ်စောင်းမှာ ခြစ်ချသည်။

"သည်မယ် ဆန်ပုံးရည်၊ အားလုံးကိုကြိတ်စမ်း၊ မှုပစီ။ ကလေးကုသိုလ်၊ ငါ့ကုသိုလ်ပေါ့အေ"

သားသည်မအေက ကလေးကို အမေကောင်းလက်အပ်ကာ ကျောက်ပျဉ်ပေါ်မှာ ရှိသမျှညက်နေအောင် ကျောက်ကြမ်းတုံးဖြင့် ကြိတ်သည်။ ဆန်ဆေးရည်နှင့် ဆေးအမည်တွေအားလုံးကို ကြိတ်လိုက်သည့်အခါ ခပ်ပျစ်ပျစ် ဆေးအနှစ်တွေရလာသည်။ အမေကောင်းက ကျောက်ပျဉ်ပေါ်ကဆေးအနှစ်တွေကို ကော်ယူကာ ဆန်ဆေးရည်ဖြင့် ကလေးတစ်ကိုယ်လုံးကို နှံ့နေအောင် လိမ်းတော့သည်။ ကလေးတစ်ကိုယ်လုံး ငှက်ပျောတုံးအေး အေးအောင် လိမ်းရခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


တော်တော်လေးလိမ်းပြီးတော့မှ ကလေးအနီးပုဆိုးဟောင်းဖြင့် ကလေးကို လုံအောင်ပတ်သည်။ သားသည်မအေက ဆေးကြိတ်ကျောက်ကို ကိုင်လျက်က အမေကောင်းလုပ်နေသမျှ မျက်တောင်မခတ်တမ်း ကြည့်နေသည်။ အမေကောင်းသည်ပင် စိတ်မချနိုင်သေးသည့်နှယ် ကလေးကိုသာ ကြည့်နေခဲ့၏။ ထမင်းတစ်အိုးချက်လောက် အကြာမှာတော့ ကလေးကလှုပ်လာခဲ့သည်။ အသက်ကလေးမျှင်းမျှင်းရှူရာက မျက်ဆန်အိမ်ကလေး ရွေ့လာခဲ့သည်။ ပုဆိုးဟောင်းအနီးထဲက ရုန်းကြွလာခဲ့သည်။ မျက်နှာကလေးပင် ရဲရဲတွတ်လို့။

"ညည်းနို့က တိုက်ဖို့မကောင်းသေးဘူး၊ မကောင်းပေသိ၊ ညည်းနို့ပဲရှိသာဆိုတော့ ... တိုက်လိုက်ဦး၊ ရွာပြန်ရောက်ရင် သူများနို့ကိုတစ်လလောက်လည်တိုက်။ ညည်းနို့မတိုက်နဲ့တော့၊ တစ်လကျော်ရင်တော့ တိုက်ပေါ့အေ။ နို့လည်သွားတော့လည်း ကန့်ချုပ်နီရွက်တစ်ဆုပ်လောက်ကျိုပြီး ငရုတ်ကောင်းခပ်သောက်။ ကနေ့ညတော့ ညည်း ယုံတိုးကိုပြန်လို့မဖြစ်သေးဘူး။ ဆေးသုံးခါလောက်လူးမှ စိတ်ချရမှာ။ သည်မှာပဲအိပ်ပေါ့အေ။ ထမင်းတော့မရှိဘူး။ အခုန ဆန်ပုံးရည်လုပ်တဲ့ ဆန်နို့ဆီဘူးတစ်ဘူးက အကုန်ပဲ"

သားသည်မအေက အမေကောင်းကို ကြည့်သည်။ ဆန်ပုံးရည်လုပ်လိုက်တဲ့ ဆန်ကလေးက အကုန်ပဲတဲ့လား။ သည်ကနေ့ညတော့ အမေကောင်းရော သူမပါ ထမင်းစားစရာ အကြောင်းအမြင်။ သူမကတော့ မစားဘဲနေနိုင်သည်ထားဦး၊ အမေကောင်းမစားရတာကိုတော့ စိတ်မကောင်းဖြစ်ရသည်။ လိပ်တင်ထားသည့် ရင်ခံနှင့် အင်္ကျီကို ဆွဲချကာ ရင်ခံအိတ်ထဲက ပိုက်ဆံနှစ်ကျပ်ကို နှိုက်ယူလိုက်ပြီး အမေကောင်းရှေ့ချကာ ကန်တော့သည်။ အမေကောင်းက နွမ်းကျေနေသည့် ကျပ်တန်ကလေးနှစ်ရွက်ကို ကြည့်သည်။ ထိတာတော့မထိ။ ဆန်တစ်စ

mgyoe.com